طلب العلم فريضة على كل مسلم ومسلمة

ဒိစလာမ်ဘာသာဝင် ယောက်ျား မိန်းမ အပေါင်းတို့အပေါ်၌ တရားစာပေ
ပညာရှာဖွေ ဆည်းပူးခြင်းသည်-ဖွရစ်တာဝန်တခု ဖြစ်လေသတည်း။

# رسول اللہ کی پیشینگوئیاں



ရသူလ်ကိုယ်တော်မြတ်၏ အနာဂတ်ဒေသနာကျမ်း။

# PROPHECY OF THE HOLY PROPHET

BY


حضرت مولانا مفتی محمد صالح صاحب مفتی اعظم مرکزی دار الافتاء آل برما جماعت ائمہ مساجد رنگون

**Moulana Mufti Muhammed Swaleh Amini Saheb**

မော်လာနာ - မုဖ်တီ - မုဟမ္မဒ်စွာလေး အမိနီး စွာဟိဗ်



Published By

The Islamic Mission House No 289, Shwebontha
( Mogul ) Street, Rangoon.



(Copy Rights Reserved)



ရန်ကုန်မြို့ - ရွှေဘုံသာ (မဂို) လမ်း၊ အမှတ် - ၂၀၉၊
ဒိစလာမ် သာသနာပြု တိုက်အုပ်က ထုတ်ဝေ ဖြန့်ချိပါသည်။



(မူပိုင် ရိုက်ခွင့်ပြု လုပ်ပြီး။)


25 Pyas. ၂၅-ပြား။


The United Printing Works, No. 206, 32nd Street, Rangoon.

# رسول اللہ ﷺ کی پیشینگوئیاں

## အနာဂါတ် ဒေသနာကျမ်း။

### ဗိ့စ်မိ့လ်လာဟိ့ရ်ရဟမာနိရ်ရဟိမ်။
### ဟာမိဒန်း ဝမုစွာ့လ်လိယန် ဝမုစွာ့လ်လိမန်။

ဤကျမ်းတွင် ကိုယ်တော်မြတ် မုဟမ္မဒ်(စွာ့လ်လလ်လာဟု အလယ်ဟိဝစလ်လမ်) ၏ အနာဂတ်ဒေသနာတော်ကို ထောက်ရှုသဖြင့်။ ကိုယ်တော်မြတ် ॥စွ॥ သည် စင်စစ်အလလ်လာဟု အရှင်မြတ်၏တမန်တော်ဖြစ်ကြောင်းကို ဘာသာခြားများပင်လျှင်ဝန်ခံရပေလိမ့်မည်၊အနာဂတ်အကြောင်းများကိုဟောပြောသောဗေဒင်၊ဟူးရားပါရဂူများ၏ ဟောစာတမ်းတွင် မြောက်မြားစွာ မှားယွင်းချက်များပါရှိသည်ကိုလည်းတွေ့မြင်ကြရ၏။

သို့ရာတွင် ရစူလုလ်လာဟ် ကိုယ်တော်မြတ် ॥စွ॥ ၏အနာဂတ် ဒေသနာတော်မှာယခုမှ၊ ၁၃၈၀–ကျော်အရင်လောက်ကစပြီး (ကိယာမတ်)ဤကမ္ဘာလောကကြီးပျက်သည်နေ့အထိ ဖြစ်ပျက်လတံ့သော အနာဂတ် အကြောင်းအရာများကို ဟောပြောတော်မူသော ဒေသနာတော်များမှာတခုမျှမှားယွင်းခြင်းမရှိ၊ဒိဋ္ဌမမ္မကိုယ်တွေ့မျက်မြင်အကြောင်းများကို ဟောပြောတော်မူသကဲ့သို့ပင်

ရစူလ်ကိုယ်တော်မြတ် ၊စွ॥သည် မိမိ၏(အစွဟာဗ်) အပေါင်းအဖေါ်တော်များအား ကိယာမတ် ကမ္ဘာပျက်သိနေ့အထိ ဖြစ်ပျက်လတံ့သော အကြောင်းတရားများကို ဟောပြောတော်မူခဲ့ရာ၊ဟဒီဿကျမ်းကြီးများတွင် ပါရှိကုန်၏။

ယခုဤကျမ်းတွင်ပါရှိသည့် အကြောင်းအရာများမှာ ရစူလ်ကိုယ်တော်မြတ်॥စွ॥အား အလ်လာဟု အရှင်မြတ်ချီးမြှင့်တော်မူထားသည့် သမုဒ္ဒရာ ရာ ၇ စင်းမျှမကသော ပညာရပ်များမှ ရေတစက်လောက်မျှပင် မရှိသေးဟု ဆိုရပေ

မည်။ ဤကျမ်းကို ဘတ်ရှုကြပြီး ရစူလ်ကိုယ်တော်မြတ် ။စွ။ သည် မည်မျှ ပညာတန်ခိုးနှင့်ပြည့်စုံတော်မူသည်ကို သိရှိနိုင်ကြပေသတည်း။

## အနာဂါတ်ဒေသနာတော်။

ဝအန်အလီယိန်းရသူ ိယလ်လာဟုအန္နဟုကာလ။ ကာလရစူလုလ်လာဟိ စွ့လ်လလ်လာဟု အလယ်ဟိဝစလ်လမ်။ ယုရှိကု။ အန်ယအတိယ။ အလန္နာစိ။ စျမာနုန်၊ လာယဗကာ၊ မိနလ်အိစလာမိ၊ အိလ္လာ အိစမုဟူ ဝလာယဗကာ မိနလ်ကုရအာနိ၊ အိလ္လာရစမုဟူ မစာဂျိဒုဟုမိ အာမိရတုံန်၊ ဝဟိယခရာ ဗုန်မိနလ်ဟုဒါ၊ အုလမာ အုဟုမ်၊ ရှရ်ရူမ်း။ မိန်တဟာဘိ၊အဒိမိစ္စမာအိ။ မိန် အိန္ဒိ ိဟိ့မ်၊တခရုဂျုုလ် ဖွ ိတနတု၊ ဝဖွ ိဟိ့မ်တအူဒု၊ (ရဝါဟုလ်ဗယ်ဟာထိ ယုဖွ ိရှူအဗိလ်အိမာန်) အမိပ္ပါယ်။ ကိုယ်တော်အလီ(ရသူ ိယလ်လာဟု အန္နဟု) ကဟောပြောသည်မှာ ရစူလုလ်လာဟ် ကိုယ်တော်မြတ် (စွ့လ်လလ်လာဟု အလယ်ဟိဝစလ်လမ်) သည် ဤသို့မိန့်ဟောတော်မူကြောင်း အကြောင်းမှာ အိစလာမ် သာသနာတော်မှ (ကျင့်ဝတ်) တစုံတရာမျှမကျန်ရှိတော့ဘဲ ၎င်း သာသနာတော်၏ နာမည်လောက်သာကျန်ရှိလတံ့။ ၎င်းပြင် ကုရအာန်ကျမ်း တော်မှ (ကျင့်ရန် ကျဉ်ရန်) တစုံတရာ မရှိဘဲ၊ ၎င်းကျမ်း၏ စာအက္ခရာ လောက်သာ ကျန်ရှိလတံ့။ ထို့ပြင်၎င်းတို့၏ မာစဂျိဒ်ဝတ်ကျောင်းများစည် အားလှသော်လည်း စင်စစ်အားဖြင့်ဟိဒါယတ် တရားလမ်းမှန်မှ ယွင်းပါးပျက် ပြားလျက်ရှိလတံ့။၎င်းတို့၏အုလမာများသည် မိုးအောက် မြေပေါ်တွင် အ ဆိုးသွမ်း ဆုံးသော သူများဖြစ်ကြ၍ ၎င်းတို့ထံမှ (ဖွ ိတနဟ်) အန္တရာယ် များ ထွက်ပေါ်လာပြီးလျှင် ၎င်းတို့တွင်ပြန်လည် ထိုင်လတံ့။ (ဗယ်ဟာကီ ကျမ်း)

## အိစလာမ်သာသနာနံမည်သာကျန်ရှိလတံ့။

အထက်ပါဟဒီသ်တော်၏အဖွင့်အကျယ်မှာ အိစလာမ်သာသနာ၏ အဓိ ကကျင့်စဉ်တရားငါးပါးကို ဟုတ္တ ိပတ္တ ိ စေတနာနှင့် လေ့လာ ဆောက်တည် ခြင်းကိုပြုမည်မဟုတ်။ မိမိကိုယ်ကိုမူစလင်ဖြစ်သည်ဟူ၍သာ ပြောဆိုမည်ဟူလို။

## ကုရအာန်ကျမ်း၏စာအက္ခရာများ၊သာ ကျန်ရှိလတံ့။

မိမိကိုယ်ကိုမိမိတို့ မွစလင်ဟုထုတ်ဖော်ပြောသောသူတို့သည် ကုရအာန်ကျမ်းတွင်ပါရှိသည့် ကျင့်ရန် ကျဉ်ရန် မသင်ကြား(ဟလာလ်–ဟရာမ်)တရားများကို မသိနားမလည်။၎င်းပြင် မလိုက်နာဘဲ နေကြ၍ ကုရအာန် ကျမ်းစာကို အစအဆုံးတိုင်ဘတ်တတ်ရုံလောက်သာ သင်ကြားခြင်းနှင့်ကိရာအတ်ကုရအာန်ကျမ်းစာကို သံနေသံထားနှင့် ရွတ်ဆို နိုင်ရုံလောက်သာ သင်ကြားခြင်းကြောင့် ကုရအာန်ကျမ်း၏စာအက္ခရာလောက်သာ ကျန်ရှိနေမည်ဟူဆိုလိုသည်။

## ဗလီများစည်ကားလျက်တရားကင်းမဲ့လတံ့။

အိစလာမ်ဝတ်ကျောင်းများကို အလွန်လှပ၍ ကြီးကျယ်ခန်းနားစွာဆောက်တည်ထားပြီးလျှင်၊စွလာတ်ဝတ်ထက်ရန် အဘိုးထိုက်တန်သော ကောဇောများခင်းကျင်းထားခြင်း၊ဓါတ်မီးပန်ကာများ ဆင်ယဉ်ထားပြီး အိမာမ်ရှေ့ဆောင်၏သံသာစွာ ရွတ်ဆိုသံဖြင့်ဇိမ်ခံ၍ စွလာတ်ဝတ်တက်နေကြသော်လည်း ဟိဒါယတ် တရာ ကားခေါင်လှပေသည်။အကြောင်းမှာ။၎င်းအိမာမ်အချို့ကိုယ်တိုင်ကလည်းအရဘီစာမတတ် ကုရအာန်ကျမ်း၏အနက်အဓိပ္ပါယ်ယတ္တတို့ကို နားမလည်သည့်ပြင် မဆအလာ၊ မဆာ အိလ်များလည်း မတတ်မြောက်ကြချေများသောအားဖြင့် ဗလီများမှာ အာလင်အိမာမ်များကို မခန့်ထား၍ အိအာမ်ကိုယ်တိုင်ကဟိဒါယတ်မရလျှင် မုကတဒီများ အဘယ်မှာလျှင် ဟိဒါယတ်တရားရရှိတော့ အံ့နည်း၊ အချို့သော အိမာမ်များသည် ကုရအာန်ကို အသံသာယာစွာရွတ်ဆိုနိုင်ကြ၏ကုရအာန်ကျမ်းကိုမူကား ဌာဏ်ကရိုင်းကျအောင် ရွတ်ဆိုခြင်းငှာမစွမ်းနိုင်ကြချေ၊အကြောင်းမှာ ကုရအာန်ကျမ်းတော်သည်၊လင်္ကာ၊ရတု တေး၊ကဗျာ၊ သီချင်းမဟုတ် လူတို့ အချင်းချင်းပြောသော အရဘီစကားရိုးရိုးနှင့် ချမှတ်ထားသော ကျမ်းစာဖြစ်လေရာ ဂါထာကို တေးဆိုဟူသောစကားပုံနှင့်ကိုက်ညီအောင်ရွတ်ဆိုခါနေကြလေဘည်။ မကြာမီက ဣဂျစ်ကလာသော ကာရီစမဒ်၏ ကာရီဘာစိတ် တို့၏ရွတ်ဆိုသံကဲ့သို့သော အသံချိုလိုက်ချိုလိုက်နှင့်သူ၏အသံဘယ်လောက်မျှဆွဲနိုင်သည်ကို ပြသသောကိရာအတ်ကို အသံ

ဖမ်းစက်ဖြင့်ဖမ်းပြီးလမ်းနှင့်ရပ်ကွက်များတွင် လိုက်လံဖွင့်ပြနေသည်ကို ရန်ကုန်လူထုတို့အသိပင်၊ထိုသို့ကိရိယာတ်ဖွင့်ပြနေသည်ကိုလူထုကြားသိကြရ၏။

ထိုကြောင့် ကုရအာန်ကျမ်းအတိုင်း လိုက်နာမှုမရှိတော့ဘဲ၊ စာအက္ခရာကိုသာသင်ကြားလေ့လာနေကြသဖြင့် စာအက္ခရာများသာ ကျန်ရှိနေမည်ဟူ၏။

## ဆိုးသွမ်းသောအာလမာများ ထွန်းပေါ်လတ္တံ့။

ဋ္ဌင်းပြင်ဆိုးသွမ်းသောဋ္ဌင်းအလဇ္ဇီအုလမာများသည် သူဌေး သူကြွယ်သို့မဟုတ်မင်းစိုး ရာဇာများထံဖေါ်လံဖါးလျှက်ဋ္ဌင်းတို့ထံမှလာဘ်လာဘများကို ရယူပြီးလျှင်ဋ္ဌင်းတို့သည်သူကြွယ်မင်းစိုးရာဇာတို့၏အလိုသို့လိုက်၍မမှန်သောဖွတ္တဝါကိုထုတ်ပေးကြပြီးလူတို့တွင် အန္တရာယ်ဖြစ်စေ၏။ထိုအခါ မင်းစိုးရာဇာတို့သည် ဋ္ဌင်းတို့အားရှုတ်ချကြကုန်လတ္တံ့ဟူ၏၊

## တရားလိုက်စားသူများမီးကျီးခဲဆုပ်ကိုင်သူနှင့်တူလတ္တံ့။

ကိုယ်တော်အနာ့စ်။ (ရသွိ)ကဟောပြောသည်မှာ။ ရစူလုလ်လာဟ်ကိုယ်တော်မြတ်။စွ။မိန့်ဟောတော်မူကြောင်းအကြောင်းမှာ လူတို့သည် ခေတ်ကာလတခုနှင့်တွေ့ကြုံရကုန်လတ္တံ့၊ ထိုခေတ်ကာလတွင် သာသနာရေး လိုက်စားသောသူသည်မီးကျီးခဲကိုလက်တွင်းဆုပ်ကိုင်ထားသူနှင့် တူပေလိမ့်မည်ဟု မိန့်ဟောတော်မူသတည်း၊မိရှကာတ်ကျမ်း။

ထိုဟဒီသ်တော်၏ သဘောမှာ၊ လူတို့၌ဟာ်ရိဿတပ္ပံ အရှက် အကြောက်တရားကင်းမဲ့လျှက် အလဇ္ဇီကျင့်နေကြသည်ကို သာသနာရေး လိုက်စားသူလဇ္ဇီပုဂ္ဂိုလ်များကဆိုဆုံးမလျှင် ဋ္ဌင်းအားမနိုင်လျှင်နိုင်တဲ့နည်းဖြင့် ရန်ရှာခြင်းဒုက္ခပေးခြင်းကြောင့် မီးခဲဆုပ်ကိုင်သူသည် မီးပူလောင်ခြင်း ဒုက္ခ တွေ့သလိုထိုပုဂ္ဂိုလ်များမှာ ဘေးဒုက္ခအပူတွေ့ကြုံခါနေကြရမည်ဟူဆိုလိုသည်။

## (ကုဖ္ဖာ့ရ်)အိစလာမ်၌မယုံကြည်မှုပြန့်ပွားလတ္တံ့။

ကိုယ်တော်အမ္ဗုဟုရယ်ရဟ် (ရသွိ) ကဟောပြောသည်မှာ ရစူလုလ်လာဟ်

ကိုယ်တော်မြတ် ။စွ။ သည် မိန့်ဟောတော်မူသော အကြောင်းမှာ ညဥ့်နက်သန်းခေါင်၊စသည့် မှောင်မဲသော ညဥ့်ယာမ်ကဲ့သို့ (ဖွဲ့တနဟ်) မက်မောစရာအကြောင်းတရားများနှင့်အန္တရာယ်အဆက်မပြတ်မလာသေးမှီ အလျှင်ကုသိုလ်ကောင်းမှုတရားများကိုဆည်းပူးကြပါကုန်လော့။

၎င်း(ဖွဲ့တနဟ်)မက်မောစရာများထွက်ပေါ်လာသောခေတ်တွင် လူသည်နံနက်ချိန်၌ မွတ်စလင်ဖြစ်၍ညနေချိန်၌ ကာဖွိရ်ဖြစ်သွားလတ်ံ့၊၎င်းပြင်ညနေချိန်၌ မွတ်စလင်ဖြစ်ပြီး နံနက်ချိန်၌ ကာဖွိရ်ဖြစ်သွားလတ်ံ့ အနည်းငယ်မျှသောလောကီဥစ္စာအတွက်မိမိ၏အီမာန်ကိုရောင်းစားကြလတ်ံ့ဟူ၏၊ (မုစလိမ်)

ယခုခေတ်တွင် အိစလာမ်ဘာသာဝင်သူများတွင် အလုပ်အကိုင်နှင့်ရာထူးအတွက်နာမည်ပြောင်းခြင်း၊အဝတ်အစားပြောင်းခြင်း၊ အမူအရာပြောင်းခြင်းမိမိကိုယ်ကိုမွတ်စလင်ဟူ၍အခေါ်ခံရမည်ကိုပင် ရှက်ကြောက်နေကြသူအချို့တို့ကိုလူတို့ဒိဌတွေ့မြင်လျက်ရှိကြလေသည်။

## မူစလင်ဦးရေများလျက် သီးခြားအခွင့်အရေးမရှိလတ်ံ့။

ကိုယ်တော်သေဝ်ဗာန် (ရသွိ)က ဟောပြောသည်မှာ အခါတပါး၌ ရစူလုလ်လာဟ်ကိုယ်တော်မြတ်။စွ။မိန့်ဟောတော်မူသည်မှာ ခေတ်ကာလတခု ရောက်ရှိလတ်ံ့၊ထိုခေတ်တွင် (ကုဖွာ့ရ် ၎င်းမူမမှန်သော) အဖွဲ့အစည်း အရှုံးများသည်အသင်တို့ကို (အိစလာမ်ဘာသာဝင်တို့ကို ဆိုလိုသတည်း) သုတ်သင်ရန်အထွက်အချင်းချင်းစုရုံးစည်းဝေးရန် ဘိတ်ခေါ်ကြလိမ့်မည်မှာ (ဒအဝပ်)ထမင်းစားရန်ထမင်းပွဲသို့ ဘိတ်ခေါ်ရာတွင် လူတို့လာရောက် စုရုံးသကဲ့သို့ စုရုံးကြလတ်ံ့ဟုမိန့်ဟောတော်မူရာ ထိုဒေသနာတော်ကို ကြားနာရသူတို့တွင်တယောက်သောသူကမေးလျှောက်အည်မှာ ယာရစူလလ်လာဟ် ထိုနေ့တွင်ကျွန်တော်မျိုးတို့၏လူဦးရေယုတ်လျော့နေပါမည်နည်း။ ထိုအခါ ကိုယ်တော်မြတ် ။စွ။ ကမိန့်ပြန်ကြားတော်မူသည်မှာ ယုတ်လျော့မည် မဟုတ်၊ ထိုနေ့ ထိုခေတ်တွင် သင်တို့သည်လူဦးရေများလတ်ံ့။သို့ရာတွင် ရေစီးရာ မြောပါသော ကောက်ရိုးဖတ်ကလေးများပမာဖြစ်လတ်ံ့။အကြောင်းမှာ အိစလာမ်ဘာသာဝင်များ သေးသိမ်ညံ့ဖျင်းသော မူစလင်များသာဖြစ်နေကြမည်ဟု ဆိုလိုသည်။

ထိုနောက်မိန့်တော်မူပြန်သည်မှာ။ကော်ပင် အလလ်လာဟု အရှင်မြတ်သည် သင်တို့၏ ရန်သူတို့၏ စိတ်နှလုံးတွင်းမှ သင်တို့အားကြောက်ရွံ့ရှိသေခန့်ငြား တတ်သောစိတ်ဓာတ်ကို နှုတ်သိမ်းတော်မူလတံ့၊ ၎င်းပြင် ကော်အမှန် အရှင်မြတ်သည် သင်တို့၏ စိတ်နှလုံးတွင် ပျင်းရိဖင့်နွဲ့ခြင်း သဘောကို သွင်းတော်မူလတံ့ဟု မိန့်တော်မူရာ တယောက်သောသူက မေးလျှောက် ပြန်သည်မှာ ပျင်းရိဖင့်နွဲ့ခြင်းကား အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လိမ့်မည်နည်း ထိုအခါ ကိုယ်တော်မြတ်၊စွ၊ က ပြန်ကြားတော်မူသည်မှာ (ဒုန္နယာ) လောကီစည်းစိမ် ရိပ်ငြိမ်ရတနာ ဥစ္စာတို့ကို တတ်မက်မောရွှဲ အလိုရမက် ထားခြင်း၊ ၎င်းပြင် သေရမည့်အရေးကို (မဂ ရူဟ်) စက်ဆုပ်ခြင်းကြောင့်ဟု မိန့်တော်မူသတည်း။(အဗူဒါ၀ူဒ်ကျမ်း)

ထိုမှ တပါးလည်း အိစလာမ်ဘာသာ၀င်တို့သည် အခြားလူမျိုးတို့ထက်ပင် အရေအတွက် မြားပြားလျက်ရှိကုန်၏၊ သို့ရာတွင် ယဟူဒီများကဲ့သို့ လောကီစည်းစိမ်ကို တပ်မက်မောရွှဲ သေရမည်ကို စက်ဆုတ်ကြသဖြင့် သီးခြားသည့်အခွင့်အရေး မရရှိခြင်း ဖြစ်လေသည်။ ဟူ၏

## ကိုယ်ခန္ဓာသန်မာ၀ဖြိုးခြင်းကို လိုလားကြကုန်လတံ့။

ကိုယ်တော်အဗူဟူရယ်ရဟ် ၊ရသွ၊ က ဟောပြောသည်မှာ ထို့နောက် (၀ါ- မုသာ၀ါဒ ပြန့်ပွားလာပြီးသည့်နောက်) ထွန်းပေါ်သော လူတို့သည် ကိုယ်ခန္ဓာသန်မာ၀ဖြိုးခြင်းကို အထူးလိုလားနှစ်သက်ကြကုန်လတံ့ဟု မိန့်တော်မူကြောင်း။

၎င်းဒေသနာတော်၏ အလိုမှာ ၎င်းတို့၏ နှလုံးတွင် လောကုတ္တရာ သံသရာ အရေးကို မျှော်တွေးကြောက်ရွံ့ခြင်းမရှိခြင်း၊ အလ်လာဟု အရှင်မြတ်ထံ မည်ကဲ့သို့အပြုအမူ စာရင်းရှင်းရမည်ကို စိုးရိမ်ကြောင့်ကြခြင်းမရှိဘဲ လောကတွင် ကောင်းကောင်း ဆီဥထောပတ်ပါသော အစာအဟာရ ဘောဇဉ်ခဲဘွယ်များကို သုံးဆောင်ကြပြီး ကိုယ်ခန္ဓာသန်မာ၀ဖြိုးစေလျက် ကာယဗလ စည်းစိမ်ကို ခံစားကြမည်ဟူလိုသည်၊ ယခုခေတ်တွင် ကာယဗလပြိုင်ပွဲများပင်ပြုလုပ်နေကြလေပြီ။

## ယောကျ်ားဦးရေနည်းပြီး မိန်းမဦးရေများလတံ့။

အဗူဟုရယ်ရဟ် ၊ရသ္ဓိ။ က ဟောပြောသည်မှာ ရစူလ်ကိုယ်တော်မြတ် ၊စွ၊ မိန့်ဟောတော်မူကြောင်း၊ အကြောင်းမှာ (ကိယာမတ်) ကမ္ဘာပျက်ခါနီးသော နိမိတ်လက္ခဏာများအနက် တခုသော နိမိတ်လက္ခဏာ သည်ကား၊ ဤသို့တည်း၊ ၎င်းမှာ တရားစာပေ ပညာဆုတ်ယုတ် ကွယ်ပျောက်လတံ့၊ ၎င်းအစား (ဂျဟာလတ်) အသိပညာ ကင်းမဲ့သော အမိုက်မောဟ ဖုံးလွှမ်းလတံ့၊ မှုဒိမ်းမှုများပြား၍ သေရည်သေရက် သောက်ကြူးခြင်း များပြားလတံ့၊၎င်းပြင် လူ့ပြည်တွင် ယောကျ်ားများ ယုတ်လျော့သွားပြီး မိန်းမများ တိုးပွား များပြားလာလတံ့၊ မိန်းမအရေအတွက် မည်၍မည်မျှ များပြားလာမည်ဟူ မူကား ယောကျ်ားတယောက်အဘို့မှာ မိန်းမအယောက်-၅၀ ကို ထိန်းသိမ်း စောင့်ရှောက်ရန် အကြောင်းဖြစ်လာလတံ့ဟု မိန့်တော်မူ၏၊ ဗူခါရီနှင့် မုစလင်ကျမ်း။ မှတ်ချက်။ ယခုခေတ်တွင် ယောကျ်ားထက် မိန်းမ ၁၃-ဆကျော်နေပြီဟု လူတို့ပြောဆိုနေကြလေပြီ၊

## တရားစာပေပညာကွယ်ပျောက်လတံ့။

ကိုယ်တော် အုမရ်၊ရသ္ဓိ၊က ဟောပြောသည်မှာ ရစူလုလ်လာဟ်ကိုယ်တော်မြတ်၊စွ၊ မိန့်ဟောတော်မူကြောင်း၊ အကြောင်းမှာ အလ်လာဟု အရှင်မြတ်သည် တရားစာပေပညာကို တကြိမ်တခါတည်း နှုတ်သိမ်းတော် မူမည်မဟုတ်၊ နှုပ်သိမ်းမည်မှာ အာလင်ပညာရှိပုဂ္ဂိုလ်များ ကွယ်လွန်အနိစ္စ ရောက်ရှိစေခြင်းအားဖြင့် တဖြေးဖြေး ပညာကို ပပျောက်စေတော်မူလတံ့၊ ထို့ပြင် အလ်လာဟု အရှင်မြတ်သည် ပညာရှိပုဂ္ဂိုလ်များ တပါးမျှ မချန်ထားတော်မူသောအခါ လူတို့သည် တရားစာပေ ပညာမတတ်သော သူတို့ကို အမျိုးဘာသာ သာသနာရေးအတွက် ခေါင်းဆောင် သို့မဟုတ် အစည်းအဝေးအသင်းအဖွဲ့အတွက် ဥက္ကဋ္ဌတင်မြှောက်ကြပြီးလျှင် ၎င်းတို့ထံ ဓမ္မပြဿနာများနှင့် အိစလာမ်ရေးရာတို့ကို မေးမြန်းကြလိမ့်မည်။ ထိုအခါ ထိုပညာမဲ့ခေါင်းဆောင် ဥက္ကဋ္ဌတို့သည် အသိဉာဏ်ပညာကင်းမဲ့စွာနှင့် ၎င်းတို့အား ဖွတဝါ ပေးလိမ့်မည်၊ ထိုအခါ မိမိကိုယ်တိုင်လည်း တရားလမ်းမှားပြီး လူထုအား

လည်း မိစ္ဆာတရားလမ်းမှားသို့ ရောက်ရှိစေလတံ့ဟု မိန့်တော်မူ၏။ (မိရှကာတ်ကျမ်း)

## စေးနဲခြင်းပြန့်နှံ့၍ သတ်ဖြတ်မှုများလတံ့။

ကိုယ်တော်အဗူဟုရယ်၊ရသ္ဒိ၊က ဟောပြောသည်မှာ ရစူလုလ်လာဟ် ကိုယ်တော်မြတ်၊စွ၊ မိန့်ဟောတော်မူကြောင်း။ အကြောင်းမှာ–

(ရှေ့ရှောက်၍) အချိန်အခါကာလ (နေ့–လ–နှစ်) သည် ကုန်မြန်လတံ့၊ တရားစာပေ ပညာကွယ်ပျောက်ပြီး မက်မောစရာများနှင့် အန္တရာယ်များ ထွန်းပေါ်လာလတံ့၊ ၎င်းပြင် လူတို့စိတ်နှလုံးတွင် စေးနဲခြင်းသဘောများ အသွင်းခံကြရလတံ့၊ သတ်ဖြတ်မှုလည်း အထူးများပြားလာလတံ့ဟု မိန့်တော်မူ၏။

အချိန်အခါကာလလည်း နှစ်သည် လကဲ့သို့ ကုန်မြန်၏၊ လသည် တသီတင်းကဲ့သို့ တသီတင်းသည် တရက်ကဲ့သို့ ၎င်းပြင်တရက်သည် တနာရီကဲ့သို့ တနာရီသည် တမိနစ်ကဲ့သို့ တမိနစ်သည် တစက္ကန့်ကဲ့သို့ ကုန်မြန်လျက် ရှိပေသတည်း။

## အရက်ကိုနံမည်ပြောင်းပြီးသောက်ကြကုန်လတံ့။

မယ်တော် အာအိရှဟ်(ရသ္ဒိယလ်လာဟုအန္ဒဟာ)က ဟောပြောသည်မှာ ရစူလုလ်လာဟ် ကိုယ်တော်မြတ်။စွ။ မိန့်ဟောတော်မူကြောင်း၊ အကြောင်းမှာ– အိစလာမ်သာသနာတော်မြတ်ကို ပဌမဦးစွာ ဤနည်းဖြင့် ဖျက်ဆီးရန် ကြိုးစားကြလတံ့၊ ၎င်းမှာ သေရည်သေရက်သောက်ကြကုန်လတံ့၊ ထိုအခါ စွဟာဗဟ်များက မေးလျှောက်ကြသည်မှာ အိုမယ်တော် အိစလာမ်ဘာသာဝင်များဖြစ်ကြလျက် သေရည်သေရက် သောက်ကြမည်နည်း။ အလ်လာဟုအာရှင်မြတ်သည် ထိုအရက်ကို အထူးကြပ်တည်းစွာ (ဟာရာမ်) ပိတ်ပင်တားမြစ်ထားတော်မူပါသည်ဟု လျှောက်လေ၏။ ထိုအခါမယ်တော် အာအိရှဟ်၊ရသ္ဒိ၊က ၎င်းတို့အား ပြန်ကြားသည်မှာ အရက်ကိုနံမည် ပြောင်းလဲပြီးသောက်ကြကုန်လတံ့၊

## ငွေတိုးနှင့်တံစိုးစားခြင်းပြန့်နှံ့ကုန်လတံ့။

အဗ္ဗဟုရယ်ရယ်က ကိုယ်တော်မြတ် ။စွ။ မိန့်ဟောတော်မူကြောင်း အကြောင်းမှာ ခေတ်သမယတခုတွင် လူတို့သည် ပိုက်ဆံကြေးငွေကို ဟလာလ်အားဖြင့် ရရှိသည်၊ သို့မဟုတ် ဟရာမ်အတိုးငွေတံစိုးငွေစသည်အားဖြင့်ရရှိသည်ကို ဂရုစိုက်နေ ကြတော့မည်မဟုတ်ပြီဟု မိန့်တော်မူသတည်း၊

## နှုတ်အာဝဇ္ဇန်းဖြင့်ဗိုက်ဖြည့်ကြလတံ့။

ဆအဒ်အိဗနိ အဗိဝကာစ် ။ရသ္မ။ကဟောပြောသည်မှာ နှုတ်အားဖြင့်ဗိုက်ဖြည့်သူများ မပေါ်ပေါက်လာသေးသမျှ ကာလပါတ်လုံးကိယာမတ်ဖြစ်လိမ့်မည်မဟုတ်။နွားများသည် ပါးစပ်ဖြင့် ဗိုက်ဖြည့်ကြကုန်သကဲ့သို့ ၎င်းတို့သည်လည်း ပါးစပ်ဖြင့်ဗိုက်ဖြည့်ကြကုန်လတံ့။(မိရှကာတ်ကျမ်း။)

မှတ်ချက်၊ ။နှုတ်အားဖြင့်ဗိုက်ဖြည့်လတံ့။ ဟူရာ၌ရှည်လျားစွာ အကြောင်းအရာဟောပြောခြင်း၊အချိန်နာရီများစွာဟောပြောပြီး လူထုအား မိမိဘက်သို့ညွတ်အောင်ပြုလုပ်ခြင်း။၎င်းလူထုအားဖြင့် ဝမ်းစာရေးရှာခြင်း ခေါင်းဆောင်လုပ်ခြင်း၊ အားဖြင့် ဟလာလ် ဟရာမ် မရှောင် စုဆောင်းရရှိသောငွေများကို ကောင်းကောင်းသုံးဖြုန်းကြမည်မှာ နွားသည်စားကျက်တွင် မျက်စိမျက်ခြောက်များမရှောင် အားလုံးကျက်စားသကဲ့သို့ ပါးစပ်ဖြင့်ဗိုက်ဖြည့်ကြမည်ဟုဆိုလိုသည်။

ရစူလ်ကိုယ်တော်မြတ်သည် အိစလာမ် ဘာသာဝင် များအား နှုတ်နဲ့ရန် အပြောနဲ့ရန်ကိုအထူးပညတ်တော်မူခဲ့၏။စကားများစွာပြောခြင်းနှင့် ရှည်လျားစွာ မရပ်မနား နှုတ်ရှင်စွာဖြင့် ဟောပြောခြင်းကိုလုံးဝနှစ်သက်တော်မမူချေ။

## နဗီအယောင်ဆောင်သူများနှင့်မသူတော်ခေါင်းဆောင်များထွန်းပေါ်လတံ့။

ဗုခါရီနှင့် မုစလိမ်ကျမ်းကြီးများတွင်ပါရှိသည်မှာ ကိယာမတ်ဖြစ်မည်မဟုတ်သေး၊သို့ရာတွင် လိမ်လည်လှည့်ဖျား မဟုတ်မမှန် မုသားပြောဆိုတတ်သည့်နဗီယောင်ဆောင်သောပုဂ္ဂိုလ်ဦးရေ ၃၀ မျှထွန်းပေါ်လာပြီး၎င်းတို့ကိုယ်စီကကျွန်ုပ်နဗီတမန်တော်ဖြစ်သည်ဟုကြွေးကျော်လတံ့။စင်စစ်အားဖြင့် ငါကိုယ်တော်မြတ်နောက်ကိုလုံးဝနဗီပေါ်ထွန်းရန်မရှိပြီ။

ၡင်းပြင်ကိုယ်တော်သော်ဗာန် ။ရသ္မိ ၊ က ဟောပြောသည်မှာ ရစ္စလုလ်လာဟ် ကိုယ်တော်မြတ် ။စွ။ ဤသို့ မိန့်ဟောတော်မူကြောင်း အကြောင်းမှာ ငါကိုယ်တော်သည် မိမိ၏ အုမ္မတ် နောက်လိုက် အမျိုးသားများ(ဝါအိစလာမ်ဘာသာဝင်အပေါင်းတို့)နှင့်ပါတ်သက်၍ လမ်းမှားသို့ ပို့ဆောင် တတ်သော LEADER ခေါင်းဆောင်များ၏ လမ်းမှားသို့ပို့ဆောင်ခြင်း ခံကြရမည်ကို စိုးရိမ်ကြောင့်ကြခြင်းဖြစ်ပါသည်ဟုမိန့်ဟောတော်မူသတည်း၊ (တိရမဇီကျမ်း)

မှတ်ချက်။ ။အိစလာမ်ဘာသာဝင် တိုင်းရင်းသား အပေါင်းတို့ရစ္စလ် ကိုယ်တော်မြတ် ။စွ၊ ၏စိုးရိမ်ကြောင့်ကြတော်မူခြင်း ဟုတ်မှန်နေသည်ကို သိကြပြီးမဟုတ်ပါလော့။ ကိုယ်တော်ဟုဇယ်ဖ ။ရသ္မိ။ ကရစ္စလ်ကိုယ်တော်မြတ်အား အကြောင်းတခုမေးလျှောက်ရာတွင် ရစ္စလ်ကိုယ်တော်မြတ်က ၎င်းအား ပြန်ကြားသည်မှာ ငါကိုယ်တော်မြတ်နောက်ကို ခေါင်းဆောင်များအချို့ ပေါ်ပေါက်လိမ့်မည်။ ၎င်းတို့သည် ငါကိုယ်တော်၏ တရားလမ်းကို လက်ခံကြလိမ့်မည် မဟုတ်။၎င်းပြင် ငါကိုယ်တော်၏တရားလမ်းသို့လည်း လိုက်ကြမည် မဟုတ်ချေ။ နောက်များမကြာမီပင် ၎င်းတို့တွင် မည်သို့သောပုဂ္ဂိုလ်များ ပေါ်ပေါက်လာမည်နည်းဟူမူကား၎င်းတို့၏စိတ်နှလုံးသည်မနုဿလူသား၏ ကိုယ်ခန္ဓာတွင် ရှိပါလျက် (ရှယ်တွာန်)နတ်ဆိုးစိတ်ရှိသူများဖြစ်ကြလတ္တံ့။သဘောမှာ လူ့အသွင်တွင် (ရှယ်တွာန်)မာရ်နတ်ဖြစ်နေမည်ဟု ဆိုလိုပါသည်။

## လေနီကြမ်းတိုက်ခတ်လတ္တံ့ ငလျှင်လှုပ်မြေမြိုလတ္တံ့။

ဤကမ္ဘာစကြာကြီး မရပ်တန့်သေးမီအလျှင်(အလာမာတ်ကီယာမတ်)ခေါ် ကီယာမတ်၏ နမိတ်လက္ခဏာများ ဖြစ်ပေါ်လိမ့်မည်။ ထိုသို့ဖြစ်ပေါ်မည့် နိမိတ် လက္ခဏာများ အကြောင်းနှင့် ပတ်သက်၍ ရစ္စလ်ကိုယ်တော် မြတ်'စွ' အာရဗ်ီလိုမိန့်ဟောတော်မူသည်မှာ

၁။ ဝလ်အမာနတု မုဂနိမာန်။ သဘောမှာ အမာနတ် သူတပါးက မိမိထံ လာရောက်၍ ထိန်းသိမ်းထားရန်အတွက် အပ်နှံထားသော ပစ္စည်းကို မုဂနိမာန်စစ်တိုက်ရာတွင် ရန်သူစစ်တပ်မှရရှိခဲ့သည့် ဃနီမတ်ဥစ္စာပစ္စည်း ကဲ့သို့ ဟလာလ် သုံးစွဲပိုင်သည်ဟု ထင်မှတ်ကြလတ္တံ့။

၂။ ဝါဇ်ဇကာတုမဂရမန်၊ သဘောမှာ ဇကာတ်ပေးရခြင်းကို ရော်ကြေးပေးဆောင်ရသည်ဟုထင်မှတ်ကြလတ္တံ့။(မှတ်ချက်) ဇကာတ် တရားတော် အရပေးရမည်ကို ဝန်လေးကြမည်။ မပေးမနေရသဖြင့် လူတို့သည်သ ဘောရှိုးရှိုး

နှင့် မပေးဘဲ ရော်ကြေးပေးရသည့် သဘောမျိုးနှင့် ပေးဆောင်ကြမည်ဟု ဆိုလိုသည်။

၃၊ ဝတအလ်လမ၊ ဃယ်ရလ်ဇိန်။ သဘောမှာ တရားစာပေ ပညာ ရပ်တို့ကို ဘာသာ–သာသနာရေးအတွက် မသင်ကြဘဲ လောကီ စီးပွါးရေး အတွက် သင်ကြားကြလတံ့။

၄။ ဝအတ္တာအလ်ရဂျုလ ဆိမရအတဟူ–ဝအဏ္ဏအုမ္မဟု သဘောမှာ မယားစကားနားထောင် ကြလတံ့။ မိဘအား ဒုက္ခပေး ညှင်းဆဲ နှိပ်စက် ကြကုန်လတံ့။

မှတ်ချက်။ ယခုခေတ်တွင် လူတို့သည် မိမိတို့၏ မယားများ၏အလိုသို့ မတရားသဖြင့် လိုက်နာ၍၊ မယား၏အလိုဆန္ဒကိုဖြည့်ကြလိမ့်မည်။ ၎င်းပြင်မိမိ၏ မွေးမိခင် ကျေးဇူးရှင်ကိုမူကား မပြုစုမစောင့်ရှောက်၊ စိတ်အေးချမ်း သာယာစွာပျော်မွေ့အောင် မထားဘဲ နှိပ်စက် ညှင်းဆဲကြမည်ဟု ဆိုလိုသည်။

၆။ ဝအဒနာစ္စဒီကဟူ ဝအကစ္စာအဗါဟု၊ သဘောမှာ လူတို့သည် မိမိ၏ မိတ်ဆွေများကို ကြည်ညိုလေးစား၍ အပါး၌ ထားရှိကြလတံ့။ ထို့ အပြင် လူတို့သည် မိမိ၏ ဘခင်မွေးကျေးဇူးရှင်ကိုမူကား မကြည်ညိုမလေးစားဘဲဝေးခွါထားကြလတံ့။

ယခုခေတ်တွင် လူတို့သည် မိမိတို့၏ မိတ်ဆွေများကို ချစ်ခင်စွာ ကျေးမွေးပြုစုခါ အပါး၌ နေစေပြီး မိမိ၏ ဘခင်အားမပြုစု၊ စိတ်ချမ်းသာ ပျော်မွေ့အောင် အပါး၌ မထားဘဲ ဝေးခွါထားမည်ဟု ဆိုလိုသတည်း။

၇၊ ဝဇရ်ရစ္စဒီကဟူ၊ ဝဂျဖွာအဗါဟု၊ သဘောမှာ လူတို့သည် သူတို့၏ မိတ်ဆွေသင်္ဂဟများကိုကောင်းမွန်စွာ ညှိခံကျွေးမွေး၍ သူ၏ အလိုဆန္ဒကိုဖြည့်ကြလတံ့။ ၎င်းပြင် မိမိ၏ ဘခင်အပေါ်စိမ်းကား ကြပြီး မပြုစုဘဲ ရိုင်းပြ ကြကုန်လတံ့။

ယခုခေတ်တွင် လူတို့သည် မိမိတို့၏ မိဘများကို မစောင့်ရှောက် မပြုစုဘဲ နေကြသည်ကို တွေ့မြင်ကြရလေပြီ။

၈။ ဝဇှဟရတိလ် အစ၀ါတုဖွိလ်မစာဂျိဒ်။ သဘောမှာလူတို့သည်ဗလီဝတ်ကျောင်းများတွင် ဆူညံခြင်း၊ ကျယ်လောင်စွာဖြင့် လောကီရေးရာစကားများကို ပြောဆိုကြလတံ့။

၉။ ဝစာဒလ်၊ကဗီလတု၊ ဖွါစိကုယုမ်ဝကာန၊ ဝအိမှယုမ်၊အရဇလုယုမ်

သဘောမှာ လူတို့၏ ကဗီလာ အမျိုးအနွယ်သားများ၏ ခေါင်းဆောင် သည် ထိုသူတို့တွင် တရားကျူးလွန်သူ ဖြစ်လတံ့။ ထို့ပြင်အမျိုးသားများ၏ ခေါင်းဆောင်လုပ်သူသည် သူတို့တွင် အမျိုးယုတ်ညံ့ဆုံးသူဖြစ်လတံ့။

ယခုခေတ်တွင် နေရာတိုင်းတွင် ယင်းသို့ထင်ရှား ဖြစ်ပေါ် နေကြသည်ကို လူထုအသိပင်။

၁၀။ ဝဇ္ဇဟာရတိလ်၊ကီနာတ၊ဝလ်မအာဇိဖ် သဘောမှာ သီချင်းဆိုတတ်သော မိန်းမများနှင့် ဒူရိယာ အတီးအမှုတ်ကရိယာအမျိုးမျိုး ပြန့်နှံ့လတံ့။

၁၁။ ဝလအန၊အာခိရှု၊ဟာဇိဟိလ် အုမ္မတိ အောက်ဝလဟာ၊ သဘောမှာ နောက်ခေတ်တွင် ပေါက်ဖွားသူတို့သည် ရှေးလူကြီးများကို ကဲ့ရဲ့ပြစ်တင်ကျိန်ဆဲကြကုန်လတံ့၊

၁၂။ မိန်းမများ မိန်းကလေးများကို မွေးထုတ်ကြမည်မှာ ၎င်းတို့သည် မိခင်များကို ပြန်လှန် ငေါက်ငန်းပြောဆိုကြလတံ့။

၁၃။ ဖနပ်မပါ၊ ကိုယ်ခန္ဓာဗလာလူမွဲများနှင့် ဆိတ်ကျောင်းစားသူတို့သည်၊ တိုက်တာအဆောက်အဦးများတည်ဆောက်ကြပြီး ထိုအဆောက်အဦးများနှင့် စပ်လျဉ်း၍ ကြွားဝါ မော်မှောက်ကြလတံ့။

၁၄။ ကျွန်မများနှင့် ရရှိသော သားသမီးများပြားလတံ့။

၁၅။ အသိအလိမ္မာဉာဏ်ပညာ ကင်းမဲ့သော၊ ၎င်းပြင်ယဉ်ကျေးမှုမရှိသော ခေတ်ဖြစ်သူဌေးများသည် အုပ်ချုပ်စိုးမိုးလတံ့။

၁၆။ ယောကျ်ားချင်း သံဝါသပြုမှုနှင့် မိမ္မချင်း သံဝါသ ပြုမှုလည်း ပြန့်နှံ့လတံ့။

၁၇။ လူတယောက်နှင့်တယောက် တွေ့ဆုံသောအခါ စလာမ် တင်သ၍ နှုတ်ခွန်းဆက်ခြင်းမပြုဘဲ အဆဲအဆိုဖြင့် နှုတ်ခွန်းဆက်ကြလတံ့။

၁၈။အိစလာမ်တရားစာပေ ပညာသင်ကြားရေးဆုတ်လျော့လတံ့။

၁၉။လူတို့သည် လိမ်လည်မှုသား ပြောဆိုခြင်းကို လိမ္မာ ရေးချားသည်ယု ထင်မှတ်လတံ့။

၂၀။ လူတို့၏ နှလုံးများမှ အမာနတ်နှင့် ဒယာနတ် လုံချုံမှုနှင့် ရိုးသားမှန်ကန်မှုများ ကင်းပျောက်လတံ့။

၂၁။ ဖွာစိက်ခေါ် လူမသမာများ တရားစာပေ သင်ကြားလတံ့။

၂၂။ လူတို့၌ အရှက်အကြောက် ကင်းမဲ့လတံ့။

၂၃။ အိစလာမ် လူထုများကို ကာဖ္ဖိရ်များ စုရုံးဝိုင်းဝန်း ကြလတံ့။

၂၄။ မတရားပြုမှု ရက်စက်ကြမ်းကြုတ်မှုများ တိုးတက် များပြား လာမည်မှာ(မတရားအပြုခံရသူတို့သည်) မိုခို အားထားခိုကိုးရန်အခက်အခဲနှင့် ပင်တွေ့ကြုံကြရလတံ့။

၂၅။ မဟုတ်မမှန် မိစ္ဆာအယူ ဝါဒတရားများ ထွန်းပေါ်လတံ့။

၂၆။ မဟုတ်မမှန်သော နတ်ကပတ်များ၊ ၎င်းအပြင်ဗိဒအတ် ချဲ့ထွင်သော အယူဝါဒနှင့် ကျင့်စဉ်များ ထွန်းပေါ်ပြန့်ပွား တိုးတက်စည်ကား လာလတံ့။

၂၇။ အထက်ပါ ရေးသားဖေါ်ပြခဲ့သည့် အကြောင်းအရာ စသည့်တို့ ပြန့်နှံ့ဖြစ်ပွားလာသောအခါကာလ၌ သင်တို့သည်လေနီကြမ်းနှင့် ငလျင်ဘေး ဒဏ်များ ထို့ပြင် မြေမျိုခံရခြင်းများကို စောင့်စားရှိသာ နေကြပါကုန်လော့။

ရုပ်ပျက်ဆင်းပျက်ဖြစ်ခြင်း ကောင်းကင်ယာမ်မှခဲမိုးတွေ ရွာခြင်းကိုလည်း စောင့်စားကြပါကုန်လော့၊အဆိုပါ (အဇာဗ်)အပြစ်ဒဏ်များအပြင် စိပ်ပုတီး ကြိုးပြတ်သဖြင့် ပုတီးလုံးကလေးများသည် တလုံးပြီးတလုံး ဆက်ခါကျဆင်း သကဲ့သို့ဖြစ်ပေါ်လတံ့သော ဘေးအန္တရာယ်အဖြစ်ဆိုး နိမိတ်လက္ခဏာများကို လည်းစောင့်စားရှိသာနေကြကုန်လော့ဟုမိန့်တော်မူသတည်း။ (တိရမိဇီကျမ်း)

## နိမိတ်ကြီး ၁၀-ခု ဖြစ်ပေါ်လတံ့။

ကိုယ်တော်ဟုဇယ်ဖ္ဖ ၊ရသ္ဓိ၊ ဟောပြောသည်မှာ ရစူလ်ကိုယ်တော်မြတ် မုဟမ္မဒ်၊စ္စ၊ မိန့်ဟောတော်မူကြောင်း၊ ၎င်းမှာ ကိယာမတ်လုံးဝဖြစ်မည်မဟုတ် သေး သို့ရာတွင် နိမိတ်ကြီး ၁၀=ခုဖြစ်ပေါ်လာသည်ကို သင်တို့ မရှုမြင်ရသေး သမျှကာလပတ်လုံးပင်တည်း၊ ၎င်းတို့မှာ ၁။မီးခိုးလုံးကြီးများ ၂-ဒဂ်ျဂျာလ်။ ၃။ ဒါဗတုလ်အရ်ဇ်။ ၄။ အနောက်ရပ်မှ နေလုံးထွန်းပေါ်ခြင်း၊ ၅။ ကိုယ်တော်အီစာ (အလာယ်ဟိစ္စလာမ်)သည် ကောင်းကင်ဘုံမှ လူ့ပြည်သို့ ဆင်းသက်ခြင်း၊ ၆။ ယာဂျူဂျ်မာဂျူဂျ် တပ်ထွက်ပေါ်ခြင်း၊ ၇။ အရှေ့ ပိုင်းဒေသ၌ လူတို့မြေမျိုခံကြရလတံ့၊ ၈။ အနောက်ပိုင်းဒေသ၌လည်း လူတို့ မြေမျိုခံကြရလတံ့။ ၉။ ၎င်းပြင်အာရဗျပြည်၌လည်း လူတို့ မြေမျိုခံကြရ လတံ့။ ၁၀။ နောက်ဆုံးတွင် ယမန်ပြည်မှ မီးတောက် မီးလျှံထွက်ပေါ် လာ

ဖြိုးလျှင် လူတို့အားဝိုင်းဝန်းလျက် မဟာရှရ်ကွင်းသို့ စုရုံးစေလတံ့။ ဒုတိယရိဝါယတ်တခုမှာ ၁၈–ခုမြောက်နိမိတ်သည် မီးတောက် မီးလျှံအစား လေမုန်တိုင်းဖြစ်လေရာ လူတို့ကို ပင်လယ် သမုဒ္ဒရာသို့ သက်ဆင်း စေမည်ဖြစ်ကြောင်း၊ (မိရှကာတ်ကျမ်း)

## မိမ္မများကိုယ်ခန္ဓာမလုံအောင်ဝတ်ဆင်ကြလတံ့။

အဗူဟုရယ်ရဟ်။ရသူ°။ကရစူလ်လုလ်လာဟ်ကိုယ်တော်မြတ် မိန့်တော်မူကြောင်း အကြောင်းမှာဂျဟန္နမ်ငရဲသို့ဝင်ရမည့်လူ ၂စုတို့ပေါ်ပေါက်လတံ့။ ၎င်းတို့ကို ငါကိုယ်တော်မမြင်ရသေးချေ၊တခုမှာ (ယောကျ်ားများဖြစ်၍) နွားမြီးကဲ့သို့ ရှည်သောရိုက်တံများနှင့်လူတို့အားလိုက်ရိုက်ကြပြီး အလ်လာဟု အရှင်မြတ်၏အမျက်ဒေါသကိုခံယူကြလတံ့

နောက်တစုသောလူတို့မှာမူကားမိမ္မများဖြစ်ကြလေရာ ၎င်းတို့သည်(ကာစိယာတွန် အာရိယာတွန်) အင်္ကျီ အဝတ်အစား ဝတ်ဆင်ထားကြသော်လည်း ဝတ်လစ်စလစ်ဖြစ်နေကြကုန်၏။ ၎င်းတို့သည် (ယောကျ်ားများအား) မိမိဘက်သို့ ညွတ်ပါအောင်မိမိကိုယ်ကိုပြင်ဆင်ကြလတံ့။(အင်္ကျီပါးဝတ်၍နှုတ်ခမ်းနီပါးနီဆိုးပြီးဆံအမောက်ထားခြင်းကိုဆိုလိုဟန်တူ၏။)၎င်းပြင် ၎င်းတို့ ကိုယ်တိုင်ကလည်း (ယောကျ်ားများဘက်သို့) ညွတ်ကြလတံ့။ ထို့ပြင် ၎င်းတို့၏ဦးခေါင်းပေါ်ဝယ် ကုလားအုပ်ပို့များကဲ့သို့ဆံပင်ရှိကြလတံ့။ ထိုမိန်းမများသည်ကား ဂျန္နတ် ရွှေဥယျာဉ်တော်တွင်းသို့ ဝင်ကြရမည်မဟုတ်၊ ၎င်းပြင် ထိုဂျန္နတ်၏ အမွှေးအကြိုင်များကိုလည်း ရှူရှိုက်ကြရလိမ့်မည် မဟုတ်ချေ၊ စင်စစ်ကေန် ဂျန္နတ်တွင်ရှိသော အမွှေးအကြိုင်တို့သည်ကား ဤမျှဤမျှ (နှစ်များစွာ) ဝေးကွာလှသည့်နေရာမှ လာလေတည်းဟု မိန့်တော်မူ၏။ (မုစလိမ်ဟဒီသ်ကျမ်း)

မှတ်ချက်။ ။မိန်းမများ၏ ခေါင်းပေါ်တွင် ကုလားအုပ် ပို့များကဲ့သို့ ရှိခြင်းဆိုသည်မှာ ဆံပင်များကို ဖေါင်းကြွအောင် ပြုထားခြင်း၊ ဆံပင်ကောက် အမောက်ထားခြင်းကို ဆိုလိုပေသည်၊ မိမိဘက်သို့ညွတ်အောင် လုပ်ကြလတံ့ဟူရာ၌ နှုတ်ခမ်းနီ ပါးနီဆိုးခြင်း၊ အင်္ကျီလက်ပြတ် ဝတ်ဆင်လျက်ကောင်းမွန်သပ်ယပ်စွာ ဖီးလိမ်းခြင်းဖြင့် ညွတ်စေမည်ဟု ဆိုလိုသည်။

(ငရဲသား ငရဲသူတို့သည် ဂျဟန္နမ်တွင် ကန့်အင်းကျီများဝတ်ဆင်ကြရလိမ့်မည်ဟူ၍ ကျမ်းများတွင်ပါရှိ၏၊ ကန့်သည်ပူ၏၊ ယခုခေတ်တွင်ပိုးနိုင်လွန်အင်္ကျီသည်လည်း ကိုယ်ခန္ဓာကို ပူစေ၏၊ ငရဲသား ငရဲသူများသည် ဂျဟန္နမ်

တွင် ကန့်အင်္ကျီဝတ်ကြရသောအခါ လောကဥ္စ နေ့စဉ်ဝတ်ဆင်ခဲ့သော ပိုးနိုင်လွန်အင်္ကျီများနှင့်နှိုင်းယှဉ်ကြမည့်သာတည်း။)

(ထိုမိန်းမများဂျန့်သ်ဒ်ိုဝင်ရမည်မဟုတ်သည့်ပြင် ဂျန့်သ်၏ အမွေး အကြိုင်ကိုမျှ ရှူရှိုက်ရမှာမဟုတ်ဘူးလို့ မိန့်ဆိုတော်မူထားရာ အိစလာမ် ဘာသာဝင်အမျိုးသမီးများ အထူးသတိပြုသင့်ပေသည်၊)

## အပြင်ကမိတ်ဆွေ အတွင်းကရန်သူဖြစ်လတံ့။

မအာဇ်အိဗနိဂျဗလ် ၊ရသွ°။ က ရစူလုလ်လာဟ်ကိုယ်တော်မြတ် ။စွ။ သည် ဤသို့ မိန့်ဟောတော်မူ၏။ ၎င်းမှာ–

ဝိပ္ပတ္တိခေတ်တွင် ယင်းသို့သောလူများ ပေါ်ပေါက် လာကြလတံ့။ ၎င်းတို့အည် အပြင်ဘမ်းက မိတ်ဆွေယောင်ဆောင်ပြီး စိတ်တွင်းမှ ရန်ညိုးဖွဲ့၍ ရန်မူကြလတံ့ဟု မိန့်တော်မူ၏။ ထိုအခါတယောက်သောသူက ယာရစူလလ်လာဟိ ယင်းကဲ့သို့အဘယ့်အတွက်ကြောင့် ဖြစ်ပါလိမ့်မည်နည်းဟု မေးလျှောက်ရာ ထိုအခါရစူလုလ်လာဟ် ကိုယ်တော်မြတ်။စွ၊က အခြားကြောင့် မဟုတ်၊ လူအချို့တို့သည် အချို့နှင့် (မတ္တလဗ်) လိုဘ ထားကြလိမ့်မည်။၎င်းပြင် အချို့တို့သည် အချို့တို့ကို ကြောက်ရွံ့ကာ နေကြရမည် ဖြစ်သောကြောင့် အပြင်တွင် မိတ်ဆွေ အတွင်း၌ရန်ညိုးစိတ် ထားကြလတံ့ဟုမိန့်ဟောတော်မူ၏။ (အဟမဒ်ကျမ်း)

မှတ်ချက်။ ။ယခုခေတ်တွင် လူတို့အချင်းချင်း ပါတီတွေအချင်းချင်း ဘယ်လိုစိတ်ဓာတ် ထားရှိသည်ကို ဆင်ခြင်ကြပါကုန်လော့။

## ပကာသနသဘောဖြင့် တရားကျင့်ကြလတံ့။

ကိုယ်တော်ရှဒ်ဒါဒ်ဗိန်အောဲစ်၊ရသွ°။သည် တနေ့သ၌ ငိုကြွေးလျက်ရှိသည်ကို အကြင်လူတယောက်တွေ့မြင်သဖြင့် အဘယ့်အတွက်ကြောင့် ငိုကြွေးနေပါသနည်းဟု မေးလျှောက်ရာ ၎င်းက ရစူလုလ်လာဟ် ကိုယ်တော်မြတ်။စွ။၏ ဒေသနာတော်တခုကို သတိသံဝေဂရလျှက် ငိုကြွေးပါသည်ဟု ပြန်ကြားလေ၏။ ထိုဒေသနာတော်မှာ–

ယာရစူလလ်လာဟ် ကိုယ်တော်မြတ်။စွ။နောက်ကို ကိုယ်တော်မြတ်၏ အုမ္မတ်အမျိုးသားများ ရှိရိက်ပြုပါမည်နည်း၊ ထိုအခါ ကိုယ်တော်မြတ်၊စွ။က ၎င်းတို့သည် ရုပ်ပုံ၊ နေ၊လ စသည်တို့ကို ကိုးကွယ်ကြလိမ့်မည်မဟုတ်ချေ၊ ၎င်းတို့သည် အိဗာဒတ်ဝတ်တော်ပြုမှုကို ပကာသနသဘောဖြင့်သာ ပြုကြလတံ့ဟု မိန့်ဟောတော်မူ၏။ ဥပမာ–နမာဇ်ဘတ်နေရာ လူမြင်လျှင် ထိုနမာဇ်ကို ရှည်

စွာဘတ်ခြင်း၊ ၎င်းပြင် ဆိတ်ကွယ်လျက် ရှိသော ကာမဂုဏ်ဆိုသည်မှာ အကြင်သူတယောက်သည် ဝါရှောင်ရန်နီယတ်ပြုပြီးနောက် အလိုဆန္ဒရမက် တခုခုကြောင့် ကိုယ့်ဝါကို ချိုးပစ်လတံ့ဟု မိန့်ဟောတော်မူ၏၊ (အဟာမဒ်ကျမ်း။)

## မုဗလ်လိဂ် သာသနာပြုပုဂ္ဂိုလ်များ တည်ရှိနေလတံ့။

ကိုယ်တော် အမ်ဗုလ်ရဟာမာန်ဗိန်အလာအုလာ ၊ ရသွ °၊က စွဟာဗဟ် တယောက်က ကျွန်ုပ်အားဟောပြောသည်မှာ ကျွန်ုပ်သည် ရစူလုလ်လာဟ် ကိုယ်တော်မြတ်၊စွ။ မိန့်ဟောတော်မူသည်ကို ကြားသိရ၏။ ၎င်းမှာ ဤအုမ္မတ်၏ နောက်ဆုံးခေတ်တွင် ဂျမာအတ်တခုအမြဲရှိနေလတံ့၊ ၎င်းတို့သည် အုမ္မတ်၏ ရှေးကျသူများကဲ့သို့ သဝါဗ် ကုသိုလ်အကျိုးရရှိကြလတံ့။ ၎င်းတို့သည် ကုသိုလ်ကောင်းမှုရေးကို ညွှန်ပြ၍ မကောင်းမှုများကို ပိတ်ပင်လိမ့်မည်။ ၎င်းပြင် ဘာသာဖျက်သူတို့နှင့် စစ်ထိုးကြလတံ့ဟု မိန့်ဟောတော်မူ၏။ (ဗယ်ဟာကီ)

## မုစလိမ်များ ခရစ်ယာန်နည်းတူ ပြုမူကြလတံ့။

ကိုယ်တော်အဗူစအီဒ်၊ရသွ °။က ရစူလုလ်လာဟ် ကိုယ်တော်မြတ် မိန့်ဟောတော်မူကြောင်း၊ ၎င်းမှာ ဧကန်မုချ သင်တို့သည် ရှေးကျသူတို့၏နောက်သို့ တတွာလျှင် တတွာ၊ တတောင်လျှင် တတောင် လိုက်ကြကုန်လတံ့၊ ၎င်းတို့သည် မည်သည့်အရာဘက်သို့ တထွာတိုးလျှင် သင်တို့လည်း တထွာမျှ တိုးလတံ့၊ ၎င်းတို့သည် တတောင်တိုးလျှင် သင်တို့သည်လည်း ထက်ချပ်တူမကွာ ထိုမျှလောက် တတောင်တိုးကြလတံ့၊ အကယ်၍ ၎င်းတို့သည် ဖွတ်တွင်းသို့ဝင်ကြလျှင် သင်တို့လည်း ဖွတ်တွင်းသို့ လိုက်ဝင်ကြလတံ့၊ ထိုအခါ ယာရစူလလ်လာဟ် ရှေးကျသော သူများသည် ယဟုဒီနှင့် နဆွာရာကိုဆိုလိုသနည်းဟု မေးလျှောက်ရာ ရစူလ်ကိုယ်တော်မြတ်။စွ၊က ၎င်းတို့ပြင် အဘယ်သူများရှိပါသေးသနည်းဟု ဖြေကြားတော်မူသတည်း၊ (ဗုခါရီကျမ်း)

ရစူလုလ်လာဟ် ကိုယ်တော်မြတ်ဟောပြောတော်မူသည့် ဤအကြောင်းအရာများသည် ကမ္ဘာတဝှမ်းလုံးတွင်အနှံ့ အပြားဖြစ်လတံ့သော အကြောင်းအရာများဖြစ်လေရာ ကျွန်ုပ်တို့ တိုင်းပြည်နိုင်ငံတွင် ဖြစ်ပျက်လျက်ရှိသော အကြောင်းအရာများကို ထောက်ရှု၍ သတိသံဝေဂတရားများ ရရှိကြပြီးလျှင်ကြိုးစား အားထုတ်ခါ မိမိတို့၏ အမျိုးဘာသာ သာသနာကို စောင့်ရှောက်မြှင့်တင်ကြကုန်ရာသတည်း။

**အနာဂါတ်ဒေသနာကျမ်းပြီး၏။**

# کتب خانہ اسلامیہ

## زرسنا پوری موجہ جامع مسجد نمبر ۲۸۵ مغل اسٹریٹ رنگون

یہ وہ پرانا اور معتبر کتب خانہ ہے جسے حضرت مولانا مفتی محمد صالح صاحب امینی کی نگرانی اور سرپرستی کا فخر حاصل ہے اور جس میں ہر قسم اور ہر سائز کے قرآن مجید معریٰ و مترجم، تفسیر و حدیث، فقہہ، صرف و نحو، دیگر عربی، فارسی، اردو اور برمی زبان میں دینیات، قصص و تاریخ، جغرافیہ اور درسی کتابیں، تعلیم الاسلام کے چاروں حصے (بزبانِ برمی) اور ضرورۃ المسلمین عم پارہ (بزبانِ برمی) نکاح نامہ، رجسٹر، عید کارڈ، طغریجات مسواک، ہر قسم کی تسبیح، عطریات، سرمہ، سرمہ دانی، تعویذات، تعویذ کے خول اور دیگر اسٹیشنری کے سامان کا بڑا ذخیرہ رہتا ہے اور اس کتب خانہ کے منافع سے ملک برما میں تبلیغ اشاعتِ اسلام کی جاتی ہے لہٰذا جو کتابیں درکار ہوں یہیں سے طلب کیجئے۔ بیرونجات کیلئے وی، پی کا بہترین انتظام ہے۔
ایک مرتبہ فرمائش بھیجکر کتب خانہ اسلامیہ کی صفائی معاملات کی آزمائش کیجیے

မော်လာနာ မုဖ်တီမုဟမ္မဒ် စွာလေး အမီနီ စွာဟိဗ် စီရင်ရေးသားသည့်
အိစ္စလာမ် ဘာသာ သင်ခန်းစာ - အမေး - အဖြေ ၄ တွဲ ကျောင်းသုံး
အိစ္စလာမ်ရာဇဝင် သင်ခန်းစာ - အမေး - အဖြေ ၄ တွဲ-ကျောင်းသုံး
၄၅-ခန်း ရှုရီအတ်ကျမ်း - မနာစိက္ကုလ်ဟဂျ် - ဟဂျ်လမ်းညွှန်ကျမ်း နှင့်
အခြား ကျမ်းစာအုပ်များ ရရှိနိုင်ပါကြောင်း။

**အိစ္စလာမ် တရားကျမ်းစာတိုက်ကြီး။**

အမှတ် ၂၈၅ - ရွှေဘုံသာ(မဂို)လမ်း ရန်ကုန်မြို့။

**THE ISLAMIC BOOK DEPOT**

No. 285, Shwebontha (Mogul) Street, Rangoon.